mgyoe.com SAMPLE BOOK

သူတို့သည် သံမဏိမြင်း စားသောက်ဆိုင်သို့ သွားပြီး နေ့လယ်စာ စားကြသည်။ အင်ဂျယ်လာက မေးလိုက်၏။

'ကျွန်မတို့ရဲ့ နှစ်ဦးပေါင်း လစာဟာ တစ်နှစ်ကို ဒေါ်လာ တစ်သိန်း နှစ်သောင်းကျော် ရလိမ့်မယ် ဆိုတာ ရှင် ယုံရဲ့လား'

'ကိုယ်တို့ သူဌေးဖြစ်ပြီပဲ'

နစ်ကီကလည်း ဝင်ပြောလိုက်၏။

'သမီးကတော့ ခွေးကလေးကို ရပ်စတီလို့ ခေါ်မယ်'

ဒေးဗစ်က 'သိပ်ကောင်းတဲ့ နာမည်ပဲ' ဟု ပြောလိုက်သည်။

အင်ဂျယ်လာက ဒေးဗစ်ကို မထိတထိ စပြန်သည်။

'ကျွန်မ ရှင့်ထက် နှစ်ဆ ပိုပြီး လခ ရတာကို ရှင် ဘယ်လို ထင်သလဲ၊ ရှင့် ပုရိသ သိက္ခာကို ထိခိုက်သွားလေမလားပဲ'

'နည်းနည်းလေးတောင် မထိခိုက်ပါဘူးကွာ၊ ပြီးတော့လည်း ကိုယ်တို့လင်မယား ကွာရှင်း ပြတ်စဲကြမယ် ဆိုရင် ကိုယ်က မယား စရိတ် မပေးရဘဲ ယောကျ်ား စရိတ် ပြန်ရမယ် ဆိုတာကို သိရတာ သိပ်နှိပ်တာပဲ'

အင်ဂျယ်လာက စားပွဲပေါ်မှ ကျော်၍ ဒေးဗစ်၏ နံရိုးကို လက်နှင့် လှမ်းထိုးရန် ရွယ်လိုက်မှုကို ဒေးဗစ်က ရှောင်လိုက်ဟန် ပြုလိုက်သည်။

နေ့လယ်စာ စားပြီးသော အခါ သူတို့သည် ဆေးရုံသို့ တန်းသွားပြီး ၄င်းတို့၏ ဆုံးဖြတ်ချက်ကို ကော့ဒ်ဝဲလ်အား ပြောပြလိုက်၏။

ဝမ်းသာသွားသော ကော့ဒ်ဝဲလ်က စီအမ်ဗီမှ ချားလ်စ် ကယ်လီပါ သိသွားအောင် သူတို့ကို ခေါ်သွားပြန်သည်။

ချားလ်စ် ကယ်လီကလည်း ကော့ဒ်ဝဲလ် နည်းတူ ဝမ်းသာသွားသည်။ သူက ဒေးဗစ်ကို မည်သည့် အချိန်တွင် အလုပ် စတင်နိုင်မည်နည်းဟု မေးလိုက်၏။

အလုပ်သင်ကာလ ပြီးဆုံးပြီး နောက်တစ်ရက် ဖြစ်သော ဇူလိုင်လ ၁ ရက် နေ့တွင် ဝင်ရောက် ဆောင်ရွက်မည် ဖြစ်ကြောင်း ဖြေကြားလိုက်၏။ ထို့နောက် ဒေးဗစ်က ၄င်း ထိုင်ရမည့် ရုံးခန်းကို ဒုတိယ အကြိမ် သွားရောက်ကြည့်ရှုခွင့် ပြုရန် မေတ္တာရပ်ခံရာ ချားလ်စ် ကယ်လီက သူတို့အားလုံးကို ခေါ်ဆောင်သွားလေသည်။

ဒေးဗစ်သည် လူနာ စောင့်ဆိုင်းခန်း၏ အပြင်ဘက်တွင် ရပ်တန့်၍ ဒေါက်တာ ရန်းဒေါ ပို့တလန်၏ ဆိုင်းဘုတ် အောက်မှ လစ်လပ်နေသော

mgyoe.com

